# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# ၁၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၉-၂-၂၀၁၄ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင်များထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **ယာဉ်မတော်တဆတိုက်မှုများနှင့် ပတ်သက်၍ စနစ်တကျလေ့လာသုံးသပ်မှု၊ လိုအပ်သည့် နည်းဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်များထုတ်ပြန်မှု၊ အသက်(၄၀)အောက် ငယ်ရွယ်သူများနှင့် အတွေ့အကြုံနည်းသူများကို ယာဉ်ကြီး မောင်းနှင်ခွင့် လိုင်စင်ထုတ်မပေးရန် ကန့်သတ်မှု** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးကျော်တင်ရွှေ၊ မိုင်းရှူး မဲဆန္ဒနယ်(ကိုယ်စား) ဦးခင်မောင်သီ၊ လွိုင်လင် မဲဆန္ဒနယ်၏ **မိုင်းရှူးမြို့မှ (၂)မိုင်နှင့်အထက် ကွာဝေးသော မိုင်းအော့ကျေးရွာအုပ်စုဒေသ၊ ဝမ်ဆော့ကျေးရွာ အုပ်စုဒေသနှင့် မိုင်းစံမြို့နယ်ခွဲဒေသများသို့ GSM တာဝါတိုင်များ ထပ်မံဖြည့်စွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်(ကိုယ်စား) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် PCO ဖုန်းများမှ လစဉ် ကောက်ခံနေသည့် အခွန်ငွေ ၃၀၀၀ိ/-အား ပယ်ဖျက်ပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **အတိုးနှုန်းများစွာဖြင့် ငွေတိုးပေးစားနေသော လိုင်စင်ရ ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်တို့အား အရေးယူရန် အစီအစဉ်ရှိ/မရှိနှင့် မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၏ ညွှန်ကြားချက်ကို လိုက်နာ ဆောင်ရွက်ခြင်း ရှိ/မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ခေတ်စနစ်နှင့် ညီညွတ်သော အခွန်ဆိုင်ရာ ဥပဒေများ အမြန်ပြုပြင် ပြဋ္ဌာန်း ပေးနိုင်ခြင်းရှိ/မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **သက်ဆိုင်ရာ ရုံးဌာန အသီးသီး တို့တွင် အမှန်တကယ်လိုအပ်၍ သုံးစွဲကုန်ကျနေသော ရုံးအသုံး ကုန်ကျငွေများကို တိုးမြှင့်ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဒေါက်တာနေလင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်၏ **ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျန်းမာရေးအာမခံစနစ်ကို ပြည်သူလူထုအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်၊ ရေဝကျေးရွာ အုပ်စု၊ ဆင်ကျွန်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အဦအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော **“ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက **“ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း။

၉။ **“ ငြိမ်းချမ်းစွာ စုဝေးခွင့် နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း။

၁၀။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသည့် **“ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်ဖြင့် ပေးပို့လာသော **“အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။